# လူသားမျိုးနွယ်များအတွက် ဘုရားသခင်၏အကြံအစည်

## THE DIVINE PLAN OF THE AGES - PART (1)




ဤကမ္ဘာလောကကြီးနှင့် ၎င်း၏ အငန်းအတာအခြေအနေများကို ကြည့်သောအခါ အသက်ရှင်ရခြင်း၏ ရည်ရွယ်ချက်ဆိုတာဘာလဲလို့ အံ့ဩမိပေမည်ဖြစ်ပါသည်

အကြံစည်တစ်ခုခုရှိပါသလား။ ဤကမ္ဘာလောကကြီးသည် မည်သည့်နေရာသို့ ဦးဆောင်နေပါသနည်း။

နိုင်ငံများတွင် ကြိုတင်ရည်မှန်းချက်အစီအစဉ်များရှိသလို ကုမ္ပဏီများ၊ မိသားစုများနှင့်တစ်ဦးချင်းစီ၌လည်း သူတို့၏ ကြံရွယ်ချက် အစီအစဉ်အတိုင်း လုပ်ဆောင်ရန် အစီအစဉ်များ ရှိကြပါသည်။

ဒီကနေ့ ကျွန်တော်တို့ နှလုံးသားထဲမှ မေးခွန်းသည် “ ဘုရားသခင်၌ အကြံအစည်တစ်ခု ရှိပါသလား”။ ရှိပါသည်။ ဘုရားသခင်နှင့်ပတ်သက်၍ (၁ကော ၁၄း၃၃) မှာ ဖတ်ကြည့်ရအောင် . . . .

**“ဘုရားသခင်သည် ရှုန်းရင်းခတ်သော အမှုကိုပြုစုတော်မမူ သန့်ရှင်းသူတို့၏ အသင်းတော်အပေါင်းတို့၌ ဖြစ်သကဲ့သို့ အသင့်အတင့် ငြိမ်ဝပ်ခြင်းကို ပြုစုတော်မူ၏။”**

ဘုရားသခင်သည် အစီအစဉ်တကျရှိသော ဘုရားသခင်ဖြစ်ပါသည်။ ကြံရွယ်ချက်နှင့် အစီအစဉ်တစ်ခုရှိပါသည်။ ၎င်းကို ဘုရားသခင်၏ ရူပါရုံလို့ခေါ်ပါသည်။ (ဟဗ ၂း ၂) ၌ ကျွန်ုပ်တို့ တွေ့ရပါသည်။

**"ထာဝရဘုရားကလည်း တတ်သောသူသည် ပြေးလျက်ဖတ်နိုင်အောင် ဗျာဒိတ်ရူပါရုံကို သင်ပုန်းပေါ်မှာ အက္ခရာတင်၍ရေးမှတ်လော့"**

ဤနေရာ၌ ဘုရားသခင်သည် ပရောဖက် ဟဗက္ကုတ်အားဖြင့် ဗျာဒိတ်ရူပါရုံကို သင်ပုန်းပေါ်မှာ အက္ခရာတင်၍ ရေးမှတ်ခိုင်းပါသည်။ ဤပရောဖက်ပြုချက်သည် နှစ်ပေါင်း (၂၀၀၀) ကျော်လောက်ကြာပြီးနောက် အချိန်တန်သောအခါ ပြည့်စုံခဲ့ပြီး ယခုကျွန်တော်တို့ မျက်မှောက်ရှိ ဤကားချပ်သည် ဗျာဒိတ်ရူပါရုံပင်ဖြစ်ပါသည်။

ဤဘုရားသခင်၏ အကြံအစည်ကို ဟိုဘက်မှာ အနည်းငယ် သည်ဘက်မှာ အနည်းငယ်ဖြင့် ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းတိုင်အောင် ဝှက်ထားပါသည်။ သို့သော် သင့်လျော်သောအချိန်၌ ဘုရားသခင်သည် ၎င်းကြံရွယ်ချက်ကို သင်ပုန်းပေါ် (သို့) ပုံကားချပ်ပေါ်၌ ရှင်းလင်းစွာ မြင်နိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

သို့သော် သင့်အနေဖြင့် "ကျွန်တော်နားမလည်နိုင်ဘူး၊ ဒီကားချပ်ကို ကျွန်တော်အရင်က တစ်ခါမှ မမြင်ဘူးခဲ့ဘူး" ဟု ပြောနိုင်ပါသည်။

ဟုတ်ပါသည်။ အကယ်၍ တစ်စုံတစ်ယောက်သောသူသည် ဗိသုကာ ပညာရှင်တစ်ယောက်၏ ရုံးခန်းသို့ လျှောက်ခဲ့သော် ထိုဗိသုကာ၏ အဆောက်အဦးများအတွက် များစွာသောအစီအစဉ်များ၊ ပုံစံများကို တွေ့ရမည်ဖြစ်ပါသည်။ သို့သော် ဗိသုကာပညာရှင်မှ မရှင်းပြသ၍ သင့်အနေဖြင့် နားလည်နိုင်လိမ့်မည်မဟုတ်ပါ။

ထိုနည်းတူ ကြီးမားသော ဗိသုကာပညာရှင် ဘုရားသခင်၌လည်း ကြီးမားသော အကြံအစည်ရှိပြီး သူကိုယ်တိုင် ကျွန်ုပ်တို့ကို ရှင်းပြရမည်ဖြစ်ပါသည်။ ဤကားချပ်ကို ပြည့်စုံစွာနားလည်နိုင်ရန် တစ်နှစ်ခန့် ပုံမှန်လေ့လာရမည်ဖြစ်ပါသည်။ ဤဘုရားသခင်၏ အကြံအစည်ကို ကျွန်တော်တို့ အသေးစိတ် ဖြေးဖြေးချင်း ပုံမှန်လေ့လာခြင်းဖြင့် ၎င်း၏အမျိုးမျိုးသော ထူးခြားသည့် အစိတ်အပိုင်းများကို နားလည်ရမည်ဖြစ်ပါသည်။

ဒီကနေ့ ကျွန်တော်တို့ ဒီပန်းချီကားချပ်မှ **A, B, C** တို့ကိုသာ လေ့လာမည်ဖြစ်ပါသည်။
သူတို့မှာ -

(၁) ပထမကမ္ဘာ
(၂) ဒုတိယကမ္ဘာ
(၃) တတိယကမ္ဘာ အဖြစ်ဖော်ပြထားပါသည်။
(၂ပေ ၃း၅ - ၇၊ ၁၃) မှာ ဤ သုံးကမ္ဘာကို ဖတ်ကြည့်ကြမည်ဖြစ်ပါသည်။

**"ရှေးကာလ၌ မိုးကောင်းကင်ကိုလည်းကောင်း၊ ရေထဲကထွက်၍ ရေဖြင့်တည်သော မြေကြီးကိုရင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည်ဖြစ်စေတော်မူကြောင်းနှင့် ဖြစ်ဘူးသော လောကဓါတ်ကို ထိုသို့အားဖြင့် ရေနှင့်လွှမ်းမိုးမြုပ်၍ ဖျက်ဆီးကြောင်းကို ထိုသူတို့သည် မှတ်မိချင်သောစိတ်မရှိကြ၊ ယခုရှိသော မိုးကောင်းကင်နှင့်မြေကြီးမူကား တရားဆုံးဖြတ်၍ အဓမ္မလူတို့ကို**

**ဖျက်ဆီးသောနေ့ရက်တိုင်အောင် ထိုနှုတ်ကပတ်တော်အားဖြင့် သိုထားလျက်ရှိ၍ မီးရှို့ခြင်းအလို့ငှါ နေရစ်သတည်း။ ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း ဖြောင့်မတ်ခြင်းတရားတည်နေရာ မိုးကောင်းကင်နှင့် မြေကြီးသစ်ကို ငါတို့သည် ကတိတော်နှင့်အညီ မျှော်လင့်ကြ၏”**

ယခု ဤသုံးကမ္ဘာမှာ ဘာတွေဖြစ်ပါသနည်း။ ဤနေရာ၌ ရှင်ပေါလုသည် ရေမလွှမ်းမိုးမီ ဖြစ်ဘူးသော ကမ္ဘာနှင့် ယခုဆိုးညစ်သောကမ္ဘာနှင့် ကတိတော်နှင့်အညီ လာမည့်အသစ်သော ကမ္ဘာလို့ပြောနေခြင်း ဖြစ်ပါသည်။

ကမ္ဘာတစ်ခုစီ၌လည်း ကောင်းကင်နှင့်မြေကြီးရှိကြောင်းလဲ ပြောဆိုထားပါသည်။

ဤအရာအားလုံး၏ အဓိပ္ပါယ်မှာ မည်သို့နည်း။ (၂ကော ၁၂း၁-၄) တွင် ဖတ်ကြည့်ရအောင် -

**“ငါသည် ဝါကြွားခြင်းမပြုသင့်လျှင် သခင်ဘုရားပြတော်မူသော ထူးဆန်းသောရူပါရုံနှင့် ဗျာဒိတ်တော်များကို တဖန်ပြောဦးမည် တစ်ဆယ့်လေးနှင့်အထက်က ခရစ်တော်၏တပည့်ဖြစ်သော လူတစ်ယောက်ကို တတိယကောင်းကင်သို့တိုင်အောင် ချီဆောင်ခြင်းရှိသည့်အကြောင်းကို ငါသိ၏ ထိုအခါ သူ၌ ကိုယ်ခန္ဓာပါသည် မပါသည်ကို ငါမသိ၊ ဘုရားသခင်သိတော်မူ၏ ထိုသူသည် ပရဒိသုဘုံသို့ ချီဆောင်ခြင်းကိုခံရ၍ လူမပြောအပ် မပြောနိုင်သောစကားကို ကြားသည် အကြောင်းကို ငါသိ၏”**

ဒီနေရာ၌ ရှင်ပေါလုသည် ခရစ်တော်၏တပည့်ဖြစ်သော လူတစ်ယောက်ကို တတိယကောင်းကင်သို့ ချီဆောင်သည့်အကြောင်းနှင့် ဒီအကြောင်းများကို ပြောရန်ခွင့်မပြုသည့်အရာများကို ပြောဆိုနေခြင်းဖြစ်ပါသည်။

တတိယကောင်းကင်ဆိုသည်မှာ ဘာလဲ။ ပထမကောင်းကင်နှင့် ဒုတိယကောင်းကင်တို့သည် ဘယ်မှာရှိကြပါသနည်း။

ဤအကြောင်းအရာကို နားလည်ရန် ကျွန်တော်တို့သည် သမ္မာကျမ်းစာထဲမှ အင်္ဂလိပ်စကာလုံးဖြစ်သည့် **(Heaven)** ကောင်းကင် ၏ အဓိပ္ပါယ်ကို သဘောပေါက်ရန် လိုအပ်ပါသည်။

၁။ **Heaven** - (ဒေ ၅း၂) ကောင်းကင်ဘုံ

**“သင်၏နှုတ်သည် သတိမလစ်စေနှင့် ဘုရားသခင်၏ရှေ့တော်၌ -------------- ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ရှိတော်မူ၏”**

ပထမအဓိပ္ပါယ်မှာ ဘုရားသခင်တည်ရှိနေသော နေရာ (သို့) ဘုရားသခင်၏ အိမ်ဖြစ်ပါသည်။

၂။ **Heaven** - (ဆာ ၁၉း၁) မိုကောင်းကင်

ဒုတိယအဓိပ္ပါယ်မှာ နေ၊ လ၊ ကြယ် တို့သည်ရှိသော မိုးကောင်းကင်ဖြစ်ပါသည်။

၃။ **Heaven - ?**

တတိယကောင်းကင်၏ အဓိပ္ပါယ်မှာ သမ္မာကျမ်းစာထဲ၌ ကျယ်ပြန့်စွာ အသုံးပြုပြီး အနည်းငယ်သာ သိရှိကြသော အဓိပ္ပါယ်ဖြစ်ပါသည်။ ယခုကျွန်တော်တို့ ရရှိမည်ဖြစ်သော တတိယကောင်းကင်၏အဓိပ္ပါယ်မှာ အလွန်အရေးကြီးသည့် အရာဖြစ်ပါသည်။ (မ ၂၄း၃၅) တွင် ဖတ်ကြည့်ရအောင် -

**“ကောင်းကင်နှင့် မြေကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည်”**

ဤနေရာ၌ ကောင်းကင်နှင့် မြေကြီးပျောက်ကွယ်မည်ကို ပြောနေပါသည်။

မည်သည့်ကောင်းကင်နှင့် မြေကြီးပျောက်ကွယ်သွားမှာလဲ။

တကယ့်ကောင်းကင်နှင့် တကယ့်မြေကြီး ပျောက်ကွယ်ပျက်စီးသွားမှာလား။ (ဒေ ၁း၄) တွင် ဆက်ဖတ်ကြည့်ရအောင် -

**"လူတဆက်လွန်သွား၏ တဆက်ပေါ်လာ၏ မြေကြီးမူကား အစဉ်တည်မြဲ၏"**

ဤနေရာ၌ မြေကြီးသည် အစဉ်အမြဲတည်ကြောင်း ရှင်းလင်းစွာ တွေ့ရပါသည်။ ပျောက်ကွယ်မသွားပါ။ ဆက်လက်ပြီး (ဆာ ၁၀၄း၅) တွင် ဖတ်ကြည့်ရအောင် -

**"မြေကြီးအမြစ်ကို ထာဝရအစဉ်အမြဲ မရွေ့မလှုပ်စေခြင်းငှါ တည်တော်မူသောဘုရားသခင်ပေတည်း"**

ဟုတ်ပါသည်။ မြေကြီးအမြစ်ကို ထာဝရတည်စေပြီး မရွေ့နိုင်သလို မပျက်စီးနိုင်ပါ။ ဆက်လက်၍ (ဟေရှာ ၄၅း၁၈) ကိုဖတ်ကြည့်ရအောင် -

**"မိုးကောင်းကင်ကို ဖန်ဆင်းတော်မူသော ထာဝရဘုရား မြေကြီးကို ပြုပြင်ဖန်ဆင်း၍ အမြဲတည်စေတော်မူသော ဘုရားသခင်မိန့်တော်မူသည်ကား"**

မြေကြီးကို အမြဲတည်စေနေရုံသာမကပဲ သတ္တဝါနေစရာဖို့ အမြဲဖန်ဆင်းထားကြောင်း ကျွန်တော်တို့ သမ္မာကျမ်းစာမှ ဤအချက်နှင့်ပတ်သက်၍ အလွန်ရှင်းလင်းစွာ မြင်တွေ့ခဲ့ပြီဖြစ်ပါသည်။

ဤသို့ဆိုလျှင် "မည်သည့်ကောင်းကင်နှင့်မြေကြီးသည် ပျောက်ကွယ်သွားမည်နည်း"။ ကျွန်တော်တို့သည် သမ္မာကျမ်းစာ ဘာသာစကားရေးသားသော ပုံစံများကို လေ့လာခဲ့ကြပြီးဖြစ်သည့်အတိုင်း ဤနေရာ၌ (မ ၂၄း၃၅) ကောင်းကင်နှင့်မြေကြီးသည် စကားလုံးအတိုင်း ရေးသားဖော်ပြထားတာမဟုတ်ပါ။ သင်္ကေတအားဖြင့် ရေးသားဖော်ပြထားခြင်းဖြစ်ပါသည်။ သင်္ကေတအားဖြင့် ကောင်းကင်၏ အဓိပ္ပါယ်မှာ မည်သို့နည်း။ အဖြေကို (ဧ ၂း၁-၂) တွင် တွေ့နိုင်ပါသည်။

**"သင်တို့သည် အထက်ကလောကီတရားသို့ လိုက်၍ အာကာသကောင်းကင်၏တန်ခိုးကို အစိုးရသော မင်း တည်းဟူသော ငြင်းဆန်သောသူတို့၌ ပြုပြင်သော ဝိညာဉ်၏အလိုနှင့်အညီ ဒုစရိုက်အပြစ်တို့၌ ကျင်လည် ကြ၍ ထိုဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော သင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ"**

**ဟုတ်ပါသည်။ အဖြေမှာ "အာကာသကောင်းကင်၏ တန်ခိုးကို အစိုးရသောမင်း" ဖြစ်ပါသည်။ ဤအရာသည် စာတန်နှင့်သူ၏ မမြင်နိုင်သော ဝိညာဉ်ပိုင်းဆိုင်ရာ အုပ်စိုးခြင်းကို ရည်ညွှန်းပါသည်။**

**ထို့ကြောင့် သင်္ကေတအားဖြင့် ကောင်းကင်၏အဓိပ္ပါယ်မှာ မြေကြီးဆိုင်ရာ အငန်းအတာများကို အုပ်စိုးသည့် မမြင်ရသော ဝိညာဉ်ပိုင်းဆိုင်ရာ အုပ်စိုးခြင်းကို ရည်ညွှန်းပါသည်။ ဤအရာသည် အင်္ဂလိပ်စကားလုံး Heaven ကောင်းကင်၏ အလွန်အရေးကြီးသော တတိယအဓိပ္ပါယ်ဖြစ်ပါသည်။**

**ယခုသင်္ကေတအားဖြင့် မြေကြီး အဓိပ္ပါယ်ကို ကြည့်ရအောင်။ (ဟေရှာ ၂၄း၁-၃၊ ၁၉-၂၀) တွင်ကြည့်ပါ -**

**"ကြည့်ရှုလော့ ထာဝရဘုရားသည် ပြည်တော်ကို လွတ်လပ်စေ၍ ပယ်ရှင်းမှောက်ထားသဖြင့် ပြည်သားတို့ကို ကွဲပြားစေတော်မူ၏။ ထိုအခါ ယဇ်ပရောဟိတ်သည် ဆင်းရဲသားကဲ့သို့ရှင်း၊ သခင်သည် ကျွန်ကဲ့သို့ရှင်း  သခင်မသည် ကျွန်မကဲ့သို့ရှင်း ရောင်းသောသူသည် ဝယ်သောသူကဲ့သို့ရှင်း၊**

**ကြွေးရှင်သည် ကြွေးတင်သောသူကဲ့သို့ရင်း၊ အတိုးစားသောသူသည် အတိုးပေးသောသူကဲ့သို့ရင်း ဖြစ်ရလိမ့် မည်၊ တပြည်လုံး လွတ်လပ်၍ရှင်းရှင်းပျက်စီးရလိမ့်မည်ဟူသော အရာကို ထာဝရဘုရား မိန့်တော်မူ၏။**

**ပြည်တော်သည် တပြည်လုံးပြုတ်လေပြီ၊ ပြည်တော်သည် အကုန်အစင်ပြိုပျက်လေပြီ၊ ပြည်တော်သည် အလွန် တုန်လှုပ်လျက်ရှိလေ၏။ ပြည်တော်သည် ယစ်မူးသော သူကဲ့သို့ တလူးလည်လည်ရှိ၏ ပုစက်ကဲ့သို့ လှုပ်ရှား ၏ မိမိအပြစ်သည် မိမိအပေါ် မှာ လေးသဖြင့် ပြည်တော်သည် လဲလိမ့်မည် နောက်တဖန်မထရ"**

ဤနေရာ၌ မြေကြီး (ပြည်တော်) သည် ဂြိုလ်ကို ရည်ညွှန်းတာမဟုတ်ဘဲ ဝိညာဉ်ပိုင်းဆိုင်ရာ အုပ်စိုးမှု အောက်၌ရှိသော လူနည်းစနစ်များ၊ လူ့အဖွဲ့အစည်းများကို ရည်ညွှန်းပါသည်။ ထို့ကြောင့် သင်္ကေတအားဖြင့် မြေကြီး၏အဓိပ္ပါယ်မှာ မြင်ရသည့် မြေကြီးဆိုင်ရာ လူသားများ၏ အုပ်စိုးခြင်းဖြစ်ပါသည်။

ဤအုပ်စိုးခြင်း၌ အစိတ်အပိုင်း (၄) ပိုင်းပါဝင်ပါသည်။

(က) နိုင်ငံရေး

(ခ) လူမှုရေး

(ဂ) ဘာသာရေး

(ဃ) စီးပွားရေး

ဤစနစ်လေးခုသည် သင်္ကေတအားဖြင့် မြေကြီးကို ဖော်ပြသောအရာများဖြစ်ပါသည်။ အာဒံ သည် အပြစ်သို့ ကျဆင်းကတည်းက ယခုလက်ရှိအချိန်ထိ ဤကောင်းကင်နှင့် မြေကြီးသည် ကျဆင်းသော ကောင်းကင်တမန်များနှင့် သူတို့၏တန်ဆာပလာအဖြစ် အသုံးပြုသော ဆိုးညစ်သော လူသားများ၏ ထိန်းချုပ်မှု အောက်၌ရှိပါသည်။

သို့သော် စာတန်၏ အုပ်စိုးခြင်းဖြစ်သော ဤကောင်းကင်နှင့် မြေကြီးသည် ကွယ်ပျောက်သွားပြီး ကောင်းကင်သစ်နှင့် မြေကြီးသစ် အစားထိုးနေရာယူလာမည်ကို (ဗျာ ၂၁း၁) ၌ ရှင်းလင်းစွာ ကျွန်တော်တို့ တွေ့ရပါသည်။

**"ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်း ငါမြင်၏ အဘယ်သို့နည်းဟူမူကား ရှေးကောင်းကင်နှင့် ရှေးမြေ ကြီးသည် ရွှေ့သွားကြပြီ"**

ဤကောင်းကင်သစ်နှင့် မြေကြီးသစ်ဆိုသည်မှာ အဘယ်နည်း။(ဟေရှာ ၆၅း၁၇) တွင် ဖတ်ကြည့် ကြမည်ဖြစ်ပါသည်။

**"ကြည့်ရှုလော့ မိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ငါဖန်ဆင်းမည် အရင်မိုး**ကောင်းကင်နှင့် မြေကြီးကို မအောက်မေ့ရ၊ နှလုံးမမှတ်မိရ"

ဤအရာသည် မမြင်နိုင်သော ဝိညာဉ်ပိုင်းဆိုင်ရာ အသစ်သော အုပ်စိုးမှုနှင့် မြင်နိုင်သည့်လူသား များ၏ အသစ်သောအုပ်စိုးခြင်းဖြစ်ပါသည်။ ယခု ဆိုးညစ်သော ကမ္ဘာသည် မြောင့်မတ်ခြင်းတရားတည် ရာ ကမ္ဘာနောက်သို့ လိုက်ရမည်ဖြစ်ပါသည်။

မည်ကဲ့သို့ ကောင်းကင်သစ် (သို့) မမြင်နိုင်သည့် ဝိညာဉ်ပိုင်းဆိုင်ရာအသစ်သော အုပ်စိုးမှုဖြစ်

**လာလိမ့်မည်နည်း။ အဖြေကို (ဒံ ၇း၁၃-၁၄) တွင် တွေ့ရပါသည်။**

**"ထိုညဉ့်အခါ ငါသည်အာရုံပြု၍ လူသားနှင့်တူညီသော သူတစ်ဦးသည် မိုးတိမ်ကိုစီးလျက် အသက်ကြီး သောသူ၏အထံတော်သို့ ရောက်လာ၏ ထိုသူကို အထံတော်ပါးသို့ သွင်းကြ၏။ အရပ်ရပ်တို့၌ နေ၍အ သီးသီးအခြားခြားသော ဘာသာစကားကို ပြောသော လူမျိုးတကာတို့ကို အုပ်စိုးခြင်းငှါ ထိုသူသည် နိုင်ငံ နှင့်တကွ အာဏာစက်တန်ခိုးကိုရ၏။ အာဏာစက်သည် ကမ္ဘာအဆက်ဆက် တည်၏ နိုင်ငံတော်သည် ပျက်စီးခြင်းသို့ မရောက်နိုင်ရာ"**

ဤနေရာ၌ လူသားနှင့်တူသောသူကို လောကသားအားလုံးတို့ကို အုပ်စိုးစေခြင်းငှါ နိုင်ငံနှင့် အာဏာစက်တန်ခိုးကို ပေးအပ်ကြောင်း ကျွန်တော်တို့တွေ့ရပါသည်။ ထိုကမ္ဘာသည် လူသားနှင့်တူသောသခင်ယေရှု၏ အုပ်စိုးမှုအောက်၌ ရှိလိမ့်မည်ဖြစ်ပါသည်။

ထို့ကြောင့် သခင်ယေရှုသည် "ဤလောကသည် ငါနှင့်မဆိုင်ပါ" ဟု ပိလတ်မင်းအား ပြောခဲ့ခြင်းဖြစ်ပါသည်။ (ယော ၁၈း၃၆) တွင် အောက်ပါအတိုင်းတွေ့ရပါသည် -

**"ငါ၏နိုင်ငံသည် ဤလောကနှင့် မစပ်ဆိုင်"**

များစွာသောသူတို့သည် ဤနေရာ၌ သခင်ယေရှုရည်ညွှန်းသည်မှာ ကောင်းကင်ဘုံ၌ရှိသော နိုင်ငံတော်တစ်ခု ဖြစ်သည်ဟု ဆုပ်ကိုင်ကာ နားလည်မှုလွဲခဲ့ကြပါသည်။ ထိုသို့မဟုတ်ပါ။ သခင်ယေရှုသည် တတိယကမ္ဘာတွင် မြေကြီးကို ကောင်းကင်ကအုပ်စိုးမည့် ဝိညာဉ်ရေးရာအုပ်စိုးခြင်းကို ရည်ညွှန်းခဲ့ခြင်းဖြစ်ပါသည်။ (ကောင်းကင်သစ်)

ထို့အတူ အသစ်သော အစိတ်အပိုင်းလေးခုပါဝင်သည့် အသစ်သော မြေကြီးလည်းရှိမည်ဖြစ်ပါ သည် -

၁။ အသစ်သောနိုင်ငံရေး

(မ ၈း၁၁)

**"လူများတို့သည် အရှေ့အရပ် အနောက်အရပ်မှလာ၍ ကောင်းကင်နိုင်ငံတော်၌ အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့နှင့်တကွ လျောင်းရကြလတ္တံ့"**

အဘယ်ကြောင့် လူများတို့သည် သူတို့ထံလာကြပါသနည်း။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လူသားများ၏ ခေါင်းဆောင်များဖြစ်ကြောင်းကို (ဆာ ၄၅း၁၆) ၌ တွေ့ရပါသည်။

**"ကိုယ်တော်၏အဘများ ကိုယ်စားသားများကိုရ၍ မြေကြီးတပြင်လုံးတွင် မင်းအရာ၌ ခန့်ထားတော်မူလိမ့်မည်"**

သူတို့ကို ရှေးဘိုးဘေးများဟု သိကြပါသည် (သို့) ခေါ်ပါသည်။ (ဟေ ၁၁) ၌ ရှင်ပေါလုသည် ဤသစ္စာရှိသော သူများနှင့်ပတ်သက်၍ အသေးစိတ်ပြောထားပါသည်။

လူ့ဇာတိအဖြစ် သခင်ယေရှုကြွလာသောအခါ သူတို့သည် သခင်ယေရှု၏ အဘများ (သို့) ဘိုးဘေးများဖြစ်ကြပါသည်။ ယခု သူတို့အားလုံးသည် သေလွန်သောသူများဖြစ်ကြပြီး သေလည်းသေခဲ့ကြပါသည်။ သို့သော် (၁ကော ၁၅း၂၂) မှာ ဖော်ပြထားသည့်အတိုင်း ခရစ်တော်အားဖြင့် လူအပေါင်းအသက်

ရှင်ရသော အချိန်ရောက်သောအခါ သူတို့သည် သခင်ယေရှုလက်ထဲ၌ သေခြင်းမှ ပြန်လည်ထမြောက်ကြမည်ဖြစ်ပါသည်။ ထိုအချိန်၌ သူတို့သည် ဒုတိယအာဒံ သခင်ယေရှု၏ သားသမီးများ ဖြစ်လာကြလိမ့်ဖြစ်ပြီး သူတို့၏ ဆုလာဒ်သည် မြေကြီးပေါ် တစ်ခုလုံး၌ မင်းများဖြစ်လာကြမည်ဖြစ်ပါသည်။ ဘုရားသခင်နိုင်ငံတော်၏ တိုင်းပြည့်များအားလုံးတို့၌ မြင်ရသော အုပ်စိုးသူများဖြစ်လာကြပါလိမ့်မည်။

မည်မျှလောက်အံ့သြဘွယ်ရာ ကောင်းသောဘုရားသခင်၏ အစီအစဉ်ဖြစ်ပါသလဲ။ အမှန်တကယ်ဘုရားသခင်၏ နိုင်ငံတော်၌ အလွန်သင့်တော်သည့် မြင်ရသောအုပ်စိုးသူများဖြစ်လာကြမည်ဖြစ်ပါသည်။

၂။ အသစ်သော ဘာသာရေး

စစ်မှန်သော ဘုရားသခင်၏ စကြ်ာဝဠာဆိုင်ရာ အသိပညာနှင့်အတူ တကမ္ဘာလုံး ဘာသာတစ်ခုတည်းသာ ရှိမည်။ (ဇာ ၁၄း၉)

**"ထာဝရဘုရားသည် တပြည်းလုံးတွင် ရှင်ဘုရင်ဖြစ်တော်မူမည်၊ ထို့နေရက်၌ ထာဝရဘုရား တပါးတည်း နာမတော်တပါးတည်း ဖြစ်တော်မူမည်"**

ဘုရားသခင်၏ အသိပညာ၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရှုပ်ထွေးမှုများ ဘယ်တော့မှ ရှိလာလိမ့်မည် မဟုတ်တော့ပါ။

၃။ အသစ်သော လူမှုရေး

လူသားမျိုးနွယ်အားလုံးတို့သည် တူညီသော သူတို့၏ ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို ရရှိကြပြီး ချမ်းသာသောသူများ (တောင်များ) နှင့် ဆင်းရဲသောသူများ (ချိုင့်ဝှမ်းများ) ကြား ကြီးမားသောကွာခြားမှုများသည် ပျောက်ကွယ်ကြလိမ့်မည်ဖြစ်ပါသည်။ (ဟေရှာ ၄၀း၄)

**"ချိုင့်ဝှမ်းရာရှိသမျှတို့ကို ဖို့ရမည်၊ တောင်ကြီးတောင်ငယ်ရှိသမျှတို့ကို ဖို့ရမည် ကောက်သောလမ်းများကို ဖြောင့်စေရမည်၊ ကြမ်းတမ်းသော လမ်းများကိုလည်း သုတ်သင်ပြင်ဆင်ရမည်"**

၄။ အသစ်သော စီးပွားရေး

တတိယကမ္ဘာ၏ အသစ်သော စီးပွားရေးနည်းစနစ်၌ မည်သူတစ်ဦးတစ်ယောက်မျှ သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဖို့ဝတ်ဖို့နှင့် နေဖို့အတွက် လိုအပ်ချက်ရှိတော့မည်မဟုတ်ပါ။ (ဟေရှာ ၆၅း၂၁)

**"ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌ နေကြလိမ့်မည်။ ကိုယ်စိုက်သော စပျစ်၊ ဥယျာဉ်အသီးကို စားကြလိမ့်မည်။"** လူများတို့သည် ကိုယ်ဆောက်သောအိမ်၌နေရကြလိမ့်မည်။ အိမ်ငှါးပြီးနေဖို့မလို့တော့ပါ။ ထို့အတူ အားလုံးလုပ်ဆောက်သော စပျစ်ဥယျာဉ်အသီးများလဲ ချိုကြလိမ့်မည်ဖြစ်ပါသည်။

ဤအခြေအနေသည် ဒီကနေ့ အခြေအနေနှင့်မတူပါ။ ဒီနေ့ အခြေအနေ၌ လယ်သမားများသည် ကြွေးမှီရှိသောအခါ အခြားသူများအကျိုးအမြတ်အတွက် သူတို့လုပ်အားနှင့် အသီးအနှံများရရန် အတင်းစေခိုင်းခြင်း ခံနေရပါသည်။ (ငွေရှင်များ၊ ဘဏ်များအတွက်)

**"ဧ ၃း၂၁ – ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း"**

ထို့ကြောင့် ကမ္ဘာ၏အဆုံးသည် တိကျသောအချိန်ကာလတစ်ခု၏ အဆုံးကို ရည်ညွှန်းပါသည်။ နောက်ဆုံးအနေဖြင့် (၂ကော ၁၂း၂) ၌ တတိယကောင်းကင်သည် မည်သည့်အရာကို ရည်ညွှန်းပါသ နည်း။

ပထမကမ္ဘာ၏ကောင်းကင်ကို ပထမကောင်းကင်နှင့် ဒုတိယကမ္ဘာ၏ကောင်းကင်ကို ဒုတိယ ကောင်းကင်၊ တတိယကမ္ဘာကောင်းကင်သည် တတိယကောင်းကင် (သို့) မမြင်နိုင်သော ဝိညာဉ်ပိုင်းဆိုင် ရာ အုပ်စိုးခြင်းကို ရည်ညွှန်းပါသည်။ ဘုရားသခင်၏ နိုင်ငံတော်နှင့် ထိုအချိန်ကာလ၏ ရှုပါရုံကို ရှင်ပေါ လု မြင်ခဲ့ခြင်းဖြစ်ပါသည်။ ဘုန်းအသရေ ထင်ရှားပြည့်စုံသော အချိန်ဖြစ်ပါသည်။

**ပထမကမ္ဘာ**

ယခု ကျွန်တော်တို့ ပထမကမ္ဘာ၏အကြောင်းကို အသေးစိတ်လေ့လာကြမည်ဖြစ်ပါသည်။ ပထမ ကမ္ဘာ (သို့) ဖြစ်ဘူးသောကမ္ဘာ (၂ပေ ၃း၆) ၏ အချိန်ကာလသည် အာဒံကို ဖန်ဆင်းခြင်းမှ ရေလွှမ်းမိုး ခြင်းစတင်သည့် နေ့တိုင်အောင် နှစ်ပေါင်း ၁၆၅၆ နှစ်ရှိပါသည်။ ဤတွက်ချက်မှုများကို သင်ခန်းစာ (၂၂) သမ္မာကျမ်းစာ သက္ကရာဇ်များ၌ ရှင်းလင်စွာဖော်ပြမည်ဖြစ်ပါသည်။

စကားလုံး (A) သည် ပထမကမ္ဘာ၏ အချိန်ကာလဖြစ်ပါသည်။ ပထမကမ္ဘာ၏ မမြင်ရသည့် ဝိညာဉ်ပိုင်းဆိုင်ရာ အုပ်စိုးခြင်းကို (ဟေ ၂း၅) တွင် ဖတ်ကြည့်ပါ -

**"ငါတို့ပြောဆိုသော နောင်ကပ်ကမ္ဘာကို အုပ်စိုးရသော အခွင့်ကို**
**ကောင်းကင်တမန်တို့၌ ပေးအပ်တော်မူသည်မဟုတ်"**

ဤကျမ်းပိုဒ်မှ ကောင်းကင်တမန်များ (ကျဆင်းသော ကောင်းကင်တမန်များ) ကို ပထမကမ္ဘာနှင့် ဒုတိယကမ္ဘာအား အုပ်စိုးရန် ခွင့်ပြုထားပါသည်။ ယခု ပထမကမ္ဘာ၏ ထင်ရှားသော အချက်အလက်များ ကိုကြည့်ရအောင် -

(၁) က ၆း၃

**"ထာဝရဘုရားကလည်း ငါ့ဝိညာဉ်သည် လူတို့တွင် အစဉ်မဆုံးရ**
**အကြောင်းမူကား လူတို့သည် အသားဖြစ်၏။ သူ၏အသက်တန်းသည်လည်း**
**အနှစ်တရာ့နှစ်ဆယ်ဖြစ်စေ ဟုမိန့်တော်မူ၏"**

၎င်းသည် လူ၏သက်တမ်းကို ရည်ညွှန်းပါသလား၊ ပထမကမ္ဘာ အချိန်ကာလအတောအတွင်းတွင် အသက်ရှင်သူများ၏ သက်တမ်းမှာ ပျှမ်းမျှ (၈၅၀) ရှိကြောင်း ကျွန်တော်တို့ တွေ့ရပါသည်။ ရေလွှမ်းမိုးပြီးနောက် ဒုတိယကမ္ဘာ အချိန်ကာလ၌မှာပင် ကျွန်တော်တို့တွေ့ရကြောင်း (က ၁၁း၁၁၊ ၁၃၊ ၁၅) တွင် လေ့လာကြည့်ပါ -

**"အာဖာဇဒ် ဘွားမြင်သောနောက် ရှေမသည်အနှစ်ငါးရာ အသက်ရှင်၍ သားသမီးများကိုမြင်လေ၏"**
**"အာဖာဇဒ်သည် အနှစ် ၄၀၃ နှစ်အသက်ရှင်၍"**
**"ရှလသည် အနှစ် ၄၀၃ နှစ်အသက်ရှင်၍"**

ဒုတိယကမ္ဘာ၌ လူသားမျိုးနွယ်များ၏ ပျှမ်းမျှအသက်သည် နှစ် (၃၀၀) ခန့်ရှိကြောင်း ကျွန်တော် တို့ ရှင်းလင်စွာမြင်တွေ့ ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် (က ၆း၃) သည် ဘာကို အစစ်အမှန်ရည်ညွှန်းပါသ နည်း။ ၎င်းသည် လူသားအားလုံး၏ တစ်ဦးချင်းစီသက်တမ်းကို ရည်ညွှန်းတာမဟုတ်ဘဲ ရေလွှမ်းမိုးသည့် တိုင်အောင် ကျန်ရှိနေသော နှစ်ပေါင်းများအတွက် ပရောဖက်ပြုချက်နှင့် သတိပေးချက်ဖြစ်ပါသည်။

ပထမကမ္ဘာမှာ၌ရှိသော လူသားမျိုးနွယ်တစ်ခုလုံး၏ ကျန်ရှိနေသောနေ့ရက်ကာလသည် နှစ်ပေါင်းတစ်ရာ့နှစ်ဆယ်ဖြစ်ရန် ဖြစ်ခဲ့ပါသည်။

(၂) က ၁း၆

**“တဖန်ဘုရားသခင်က ရေအလယ်၌ မိုးမျက်နှာကြက်ဖြစ်စေ ရေနှင့်ရေချင်းခြားနားစေဟု အမိန့်တော်ရှိသဖြင့်”**

ဤကျမ်းပိုဒ်သည် ရေတွေကြားထဲမှ မျက်နှာကြက်ကို ဖြစ်စေ၍ ရေနှင့်ရေချင်းကို ခြားနားစေကြောင်းဖော်ပြပါသည်။ မည်သည့်အဓိပ္ပါယ်ရှိပါသနည်း။ ဤအရာသည် နေ၏ တိုက်ရိုက်ထိတွေ့မှုမှ ကာကွယ်ရန် ဘုရားသခင်လုပ်ဆောင်ခဲ့သော ရေလွှာမျက်နှာကျက်ဖြစ်ပါသည်။ ၎င်းသည် ကာကွယ်မှုအာ တွက်ကြီးမားသော ထီးတစ်ချောင်းနှင့်တူပါသည်။ ဤအရာကို (၂ပေ ၃း၅) တွင်လည်း ရည်ညွှန်းထားပါ သည် -

**“ရေထဲကထွက်၍ ရေဖြင့်တည်သော မြေကြီးကိုလည်းကောင်း”**

ဤရေလွှာမျက်နှာကျက်သည် ရေလွှမ်းမိုးသော အချိန်ကာလအတောအတွင်းတွင် ဖျက်ဆီးခဲ့ပါ သည်။

**“က ၇း၁၁ – ကြီးစွာသောနက်နဲရာ ရေပေါက်ရေတွင်းတို့၏ အဆီးအတားရှိသမျှကို ပယ်ရှင်း၍ မိုးကောင်းကင်ပြွန်ဝများကို ဖွင့်သဖြင့်”**

ထိုရေလွှာပျက်စီးမှုသည် ရက်ပေါင်း (၄၀) နှင့် (၄၀) ည မိုးရွာခြင်းကို ဖြစ်ပေါ်စေကာ ကမ္ဘာမြေကြီးကို ရေလွှမ်းမိုးခဲ့ပါသည်။ ထိုဖြစ်ရပ် နှင့် ထိုအသံကို စဉ်းစားကြည့်ပါ။

(၃) က ၂း၁၇

**“ထိုအပင်၏အသီးကို မစားရ စားသောနေ့တွင် ကေန်အမှန်သေရမည်”**

အာဒံသည် ထိုအသီးကို စားသောနေ၌ အဘယ်ကြောင့် မသေခဲ့ပါသနည်း။ (က ၅း၅) ၌ အာဒံသည် နှစ်ပေါင်း (၉၃၀) တိုင်အောင် အသက်ရှင်ကြောင်း တွေ့ရပါသည်။ မည်သို့နည်း။

အချို့သော ခရစ်ယာန်များသည် ထို့နေ့၌ အာဒံသည် ဝိညာဉ်ပိုင်းဆိုင်ရာသေပြီး နောက်ပိုင်း၌ ခန္ဓာပိုင်းသေခဲ့သည်ဟု ထင်မြင်ကြပါသည်။

ဤအရာမှန်ပါသလား၊ ကျမ်းစာနှင့် ညီပါသလား။

ဤနေရာ၌ “နေ့ ” သည် မြေကြီးဆိုင်ရာ (၂၄) နာရီ တစ်ရက်ကို ရည်ညွှန်းတာမဟုတ်ဘဲ ကြီးမားသောအချိန်အတိုင်းအတာတစ်ခုကို ပြောဆိုနေခြင်းဖြစ်ပါသည်။

**“၂ပေ ၃း၈ – ချစ်သူတို့ ထာဝရဘုရားမှာ ကာလတရက်သည် အနှစ်တထောင်ကဲ့သို့၎င်း အနှစ်တထောင် သည် တရက်ကဲ့သို့၎င်း ဖြစ်သည့်အရာတစ်ခုကို မမေ့လျော့ကြနှင့်”**

ဟုတ်ပါသည်။ သခင်ယေရှု၏ တစ်ရက်သည် ကျွန်ုပ်တို့ နှစ် ၁၀၀၀ နှင့် ညီပါသည်။ ထို့ကြောင့် မည်သည့် လူသားမျှ နှစ်တထောင်မကျော်ခဲ့ကြခြင်းဖြစ်ပါသည်။ မသုရှလသည် အသက်အရှည်ဆုံး ဖြစ်ခဲ့ပြီး နှစ်ပေါင်း (၉၆၉) နှစ်ရှိပါသည်။ (က ၅း၂၇)

၄။ ၂ပေ ၂း ၄

**“အကြောင်းမူကား ပြစ်မှားသော ကောင်းကင်တမန်တို့ကို ဘုရားသခင်သည် နှမြောတော်မမူ ငရဲသို့ ချလိုက်ပြီးမှ စစ်ကြောစီရင်ခြင်းအလို့ငှါ ချုပ်ထား၍ မှောင်မိုက်သံကြိုးနှင့် ချည်နှောင်တော်မူ၏”**

ဤကောင်းကင်တမန်များသည် မည်သူတွေနည်း။ သူတို့သည် အပြစ်ကျူးလွန်သောသူများဟု ပြောထားပါသည်။ မည်ကဲ့သို့ ပြစ်မှားခဲ့ပါသနည်း။ ပဌမကမ္ဘာ၌ ၎င်းအရာအားလုံးတို့သည် ဖြစ်ပျက်ခဲ့ပါသည်။ (က ၆း၁-၄) တွင် ကြည့်ရအောင် -

**“မြေကြီးမျက်နှာပေါ်မှ လူတို့သည် များပြားလာ၍ သမီးများကိုလည်း ရကြသောအခါ ဘုရားသခင်၏ သားတို့သည် လူသမီးတို့ လှကြောင်းမြင်၍ ကိုယ်စိတ်ရှိသည့်အတိုင်း စုံဘက်ကြ၏”**

လူသားများကို ကူညီပံ့ပိုးရန်လာသော ကောင်းကင်တမန်များသည် စာတန်၏လျှို့ဝှက်သောလှည့်ဖြားခြင်းကို ခံရဘွယ်ရှိပြီး လူ့သမီးတို့နှင့်လက်ထပ်ကာ အသစ်သော မျိုးဆက်များကို မွေးဖွားခဲ့ပါသည်။ ဤအရာများသည် လူတစ်ဝက် ကောင်းကင်တမန်တစ်ဝက်ဖြစ်ပါသည်။ သူတို့သည် အလွန်ကြီးမားသော သူများဖြစ်ကြပါသည်။

ဤကောင်းကင်တမန်တို့၏ သားသမီးများသည် ကမ္ဘာမြေကြီးကို အုပ်စိုးရန်နှင့် အကျင့်စာရိတ္တ များ ပျက်စီးရန် စတင်ခဲ့ပါသည်။ သူတို့သည် လူသားများအပေါ် ဤကဲ့သို့သော ဆိုးညစ်မှုများဖြင့် လွှမ်းမိုးခဲ့ကြောင်းကို (က ၆း၅) တွင် ပြောထားပါသည် -

**“မြေကြီးပေါ်မှာ လူအပြစ်ကြီး၍ သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်း သက်သက်ရှိကြောင်းကို ဘုရားသခင်သိမြင်တော်မူလျှင်”**

လူသားမျိုးနွယ်များသည် ထိုအလွန်ကြီးမားသော သူများထံ ကျွန်အဖြစ် လျှင်မြန်စွာ စတင်ခဲ့ရပါသည်။ ထို့ကြောင့် ဘုရားသခင်သည် သူ၏ပညာနှင့် မေတ္တာတော်အားဖြင့် ဤအခြေအနေတစ်ခု၏ အစီအစဉ်ကို အဆုံးသတ်ရန် ရေလွှမ်းမိုးခြင်းအားဖြင့် ယူဆောင်ခဲ့ပါသည်။

နာကျင်မှုကင်းမဲ့ပြီး အလွန်မြန်ဆန်သော သေခြင်းဖြစ်ပါသည်။

ဤကောင်းကင်တမန်များ၏ အပြစ်သည် မည်ကဲ့သို့ ဖြစ်ပါသနည်း။ (ယုဒ ၆)

“မိမိတို့အခွင့်အရာကိုမစောင့် မိမိတို့နေရာအရပ်ကို စွန့်ပစ်သော ကောင်းကင်တမန်တို့ကို ကြီးစွာသောနေ့၌ စစ်ကြောစီရင်ခြင်းအလို့ငှါ ထာဝရချည်နှောင်ခြင်းအားဖြင့် မှောင်မိုက်ထဲမှာ ချုပ်ထားတော်မူ၏”

ဟုတ်ပါသည် သူတို့သည် သူတို့၏ ကောင်းကင်တမန်နှင့်ဆိုင်သော အရိုက်အရာကို မစောင့်ထိန်းခဲ့ပါ။ သို့သော် ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်၍ လူနှင့်ကောင်းကင်တမန် သဘောသဘာသ ဘာဝကို ပေါင်းစပ်ရန် ရှာဖွေခဲ့ပါသည်။ သို့သော် ရေလွှမ်းမိုးဖျက်ဆီးခြင်းမှ နောဧ မိသားစုသာ ကယ်တင်ခြင်းသို့ရောက်ခဲ့ပါသည်။ (က ၆း၁၇ ၊၁၈)

ဤအရာသည် အဘယ်ကြောင့်နည်း။

အဘယ်ကြောင့်ဆိုသော် (က ၆း၉) တွင် တွေ့ရပါသည်။

**“ဖြောင့်မတ်သောသူ မိမိအမျိုး၌ စုံလင်သောသူဖြစ်၏”**

“မိမိအမျိုး၌ စုံလင်သောသူ” စကားလုံးများသည် နောဧ၏ မိသားစုသည် ထိုအချိန်၌ အခြား

သော မိသားစုများကဲ့သို့ ကောင်းကင်တမန်၏ သွေးနှင့်ရောနှောခြင်းမရှိကြောင်းကို ရည်ညွှန်းပါသည်။ နောဧ၏ မိသားစုသည် သန့်ရှင်းသော လူသားများဖြစ်ပါသည်။

ထို့ပြင် နောဧသည် ဘုရားသခင်ကို ကြောက်ရွံ့သောသူဖြစ်ပါသည်။ နောဧနှင့်ပတ်သက်၍ ဘာကျန်သေးပါသနည်း။ (၂ပေ ၂း၅) ကို ဖတ်ကြည့်ရအောင် -

**"ဖြောင့်မတ်ခြင်းတရားကို ဟောသော နောဧနှင့် လူခုနှစ်ယောက်ကို စောင့်မတော်မူ၍"**

မည်သည့်အဓိပ္ပါယ်ရှိပါသနည်း။

နောဧသည် ကျွန်တော်တို့ နားလည်ထားသည့် တရားဟောပြောသူ အဓိပ္ပါယ်အတိုင်း တစ်နေရာပြီး တစ်နေရာသို့ သွား၍ ဟောခဲ့ပါသလား။ တရားဟောခြင်း၌ အမှန်တကယ် နှစ်မျိုးနှစ်စားရှိပါသည်။

၁။ အသံအားဖြင့် ဟောပြောခြင်း (စကားလုံး)

၂။ အပြုအမူအားဖြင့် ဟောပြောခြင်း (အလုပ်)

နောဧသည် ဖြောင့်မတ်ခြင်းတရားကို ဒုတိယနည်းလမ်းအားဖြင့် ဟောပြောခဲ့ပါသည်။ အသံထက်အပြုအမူက ပိုကျယ်ပါသည်။

နောဧ၏ ဘုရားသခင်နှုတ်ကပတ်တော်အပေါ် ယုံကြည်ခြင်းနှင့် နာခံမှုသည် ပထမကမ္ဘာအတွက် နှစ်ပေါင်း (၁၂၀) ကျော်အလွန် ကြီးမားသည့် သင်္ဘောကို တည်ဆောက်ခြင်းအားဖြင့် ကြီးမားသောတရားဟောချက်ဖြစ်ခဲ့ပါသည်။

နောဧသည် သင်္ဘောကို စတင်တည်ဆောက်သောအခါ ၎င်းကို သူ၏မိသားစုများ စတင်သိခဲ့ပါသည်။ တဖြည်းဖြည်းချင်း သင်္ဘော၏ အရွယ်အစား ကြီးလာသည့်အတိုင်း သူ၏ အိမ်နီးချင်းတွေလည်း စတင်မြင်နိုင်ခဲ့ပါသည်။ ထို့နောက်အချိန်များစွာ ကုန်လွန်လာသောအခါ ၎င်းကို သူနေထိုင်သော ပတ်ဝန်းကျင်မှ မြင်လာခဲ့ပါသည်။ နောက်ဆုံးသင်္ဘော၏ အဆောက်အဦးကို အဆုံးသတ်သော အချိန်ရောက်ပြီး အလွန်ကြီးမားသော သင်္ဘောကို ကုန်းပေါ်၌ တင်ထားသောအခါ ပတ်ဝန်းကျင်၌ရှိသော လူအပေါင်း မြင်တွေ့စေရန် ဖြစ်ခဲ့ပါသည်။

လူအများသည် သင်္ဘောနှင့်ပတ်သက်၍ နောဧထံ များစွာသော စုံစမ်းခြင်းများ ပြုလုပ်ကြမည်ဖြစ်ပါသည်။ နောဧသည် လာမည့် ရေလွှမ်းမိုးခြင်း နှင့် မိုးရွာခြင်းစသည့်အဖြေများသည် သူတို့အတွက် သူ့ ကို ရယ်စရာပြုရန်သာ ဖြစ်စေခဲ့ပါသည်။ သို့သော် နောဧသည် သူ၏အလုပ်နှင့်ယုံကြည့်ခြင်းကို ဘယ် တော့မှ မရပ်ပါ။

**"ထို့ကြောင့် ဤကြီးမားသော သူ၏အလုပ်သည် သူ၏ဖြောင့်မတ်ခြင်းတရား ဟောပြောခြင်းပင် ဖြစ်ပါသည်"**

သင်္ဘော၏အရွယ်အစားဘယ်လောက်ရှိပါသနည်း (က ၆း၁၅) အလျား ၄၅၀ပေ၊ အကျယ် ၇၅ပေ၊ အမြင့် ၄၅ပေ၊ ဘယ်မျှလောက်ကြီးမားတဲ့သင်္ဘောလဲ။ ထို့ပြင် ဒီကနေ့ခေတ်ကဲ့သို့ နည်းပညာများ စက်ကိရိယာများနှင့် အခြေခံပစ္စည်းများလည်းမရှိခဲ့ပါ။ ၎င်း၏ အရွယ်အစားသည် ဘောလုံးကွင်းတကွင်းခွဲစာလောက်ကျယ်ဝန်းခဲ့ပါသည်။ သည့်အပြင် မြေကြီးပေါ်မှာ ဘယ်တော့မှ မိုးရွာခဲ့ဘူးခြင်းမရှိသေးပါ။

ဤအရာကို (က ၂း၅ -၆) တွင် တွေ့ရပါသည်။

**“လယ်၌ လယ်ယာပျိုးပင်မပေါက်မီ အပင်ရှိသမျှတို့ကို ဖန်ဆင်းတော်မူ၏**
**ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် မြေပေါ်၌ မိုးကိုရွာစေတော်မမူသေး**
**မြေ၌လုပ်သော လူလည်းမရှိသေးသည်ဖြစ်၍**
**မြေမှ အခိုးအငွေ့ထွက်သဖြင့် မြေတပြင်လုံးကို စိုစေလေ၏ ”**

ဟုတ်ပါသည်။ မိုးဆိုတာဘာလဲလို့ ဘယ်သူမှ မသိသေးပါ။ ထိုအချိန်၌ သစ်ပင်များကို မြေမှအခိုးအငွေ့ထွက်၍ ရေပေးပါသည်။ ထို့ကြောင့် ကမ္ဘာမြေပေါ်၌ မိုးရွာခြင်းအကြောင်းနှင့် ထိုမိုးများစွာကြောင့် ရေလွှမ်းမိုးမည်ဟု နောဧပြောဆိုသောအရာကို မည်သူမျှ နားမလည်ခဲ့ပါ။ သူတို့သည် နောဧကို ပြက်ရယ်ပြု၍ ရူးသွားပြီလို့ ထင်ကြပါသည်။ သို့သော် နောဧသည် သူ၏ယုံကြည်ခြင်းကို အလုပ်အားဖြင့် (အပြုအမူအားဖြင့်) ပြသခဲ့ပါသည်။

ဤကဲ့သို့သော ယုံကြည်ခြင်းအားဖြင့် နောဧနှင့် သူ၏မိသားစု (၇) ယောက်တို့သည် ပထမကမ္ဘာ မှ ဒုတိယကမ္ဘာသို့ ဖြတ်ကျော်လာခဲ့ကြပါသည်။

လာမည့်သင်တန်းတွင် ကျွန်ုပ်တို့သည် ရေလွှမ်းမိုးပြီးနောက် နောဧနှင့် သူ၏မိသားစုများကို တွေ့ရမည်ဖြစ်ပြီး မည်ကဲ့သို့ ဒုတိယကမ္ဘာကို စတင်ခဲ့ကြောင်းနှင့် မည်သူများအားဖြင့် ဒီကနေ့လူသားမျိုးနွယ်မိသားစုများ မည်ကဲ့သို့ ဖြစ်လာခဲ့ကြသနည်း ဆိုတာကို လေ့လာကြမည်ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် သဘော်ာထဲ၌ နောဧနှင့် သူ၏မိသားစုကို ထားသောအချိန်မှာပင် ရေလွှမ်းမိုးခြင်းအားဖြင့် ပထမကမ္ဘာကို ဖျက်စီးစေခဲ့ပါသည်။ အာမင်။

॥